**အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာနှင့် ငါးလုပ်ငန်းကဏ္ဍ ရေထွက်ပစ္စည်းပြည်ပတိုးတက် တင်ပို့နိုင်ရေး...**

အောင်ကျော် (ငါးဦးစီး)

မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးတို့တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး စီးပွားရေးကဏ္ဍတွင် နိုင်ငံသားတိုင်း၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက် ထားရှိကာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။



နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်မှာ အဓိကအားဖြင့် နိုင်ငံ အတွင်းရှိ သယံဇာတအရင်းအမြစ်များကို အခြေပြုလျက် ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင် မည့်အရည်အသွေး ပြည့်မီသော ပြည်ပပို့ကုန်များကို ဈေးကွက်လိုအပ်ချက်နှင့်အညီ တွင်ကျယ်စွာ ထုတ်လုပ်နိုင်ရန်နှင့် ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်သော ပို့ကုန်အခြေပြု စီးပွားရေးကဏ္ဍများ ဖော်ဆောင်နိုင်ရန်အရေးကြီးပါသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်သော ပို့ကုန်အခြေပြု စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး နိုင်ငံတော်ကဦးစီး၍ အမျိုးသား အဆင့် ပို့ကုန်မဟာဗျူဟာ ( National Export Strategy – NES ) ကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန ( Interna - tional Trade Centre – ITC ) ၏ နည်းပညာအကူအညီ ရယူပြီး၊ ဂျာမဏီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Dutsche Gesell – Schaft für International Zusammen - arbeit Gmb H – GIZ) ၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားအဆင့်ပို့ကုန် မဟာဗျူဟာတွင် မိမိတို့နိုင်ငံ၏ လိုအပ်ချက်များ၊ ဈေးကွက်အရ လိုအပ်ချက်များကို အခြေခံကာ လက်တွေ့ကျသည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးကို ဦးတည်သော မဟာဗျူဟာများကို အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်ရန် ရည်ရွယ်ပြီး၊ ရည်ရွယ်ချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အမျိုးသား အဆင့် ပို့ကုန်မဟာဗျူဟာဆိုင်ရာ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် ဦးစားပေးကဏ္ဍများကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာ၏ အဓိကမျှော်မှန်းချက်မှာ " ထွန်းသစ်စ မြန်မာနိုင်ငံအတွက် ပို့ကုန်ဦးဆောင်သည့် စဉ်ဆက်မပြတ်တိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့" (Sustainable export Led growth and wealth for emerging Myanmar) ဟူ၍ ဖြစ်သည်။

အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန (International Trade Centre – ITC) မှ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ဆွေးနွေးပွဲများမှ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ အတွက် ဦးစား ပေးအကောင်အထည် ဖော်မည့် ကဏ္ဍများအဖြစ် ဆန်၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်နှင့်သစ်တော ထွက်ပစ္စည်းတို့ကို အတည်ပြု ရွေးချယ်ထားပါသည်။

မြန်မာနိုင်ငံသည် ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာ၊ ကမ်းဦးရေတိမ်ပိုင်း ၂၂၈၇၈၁ စတုရန်းကီလိုမီတာနှင့် သီးသန့်စီးပွားရေးဇုန် ၄၈၆၀၀၀ စတုရန်းကီလိုမီတာ ရှိသည့်အပြင် ရေချိုအရင်းအမြစ်အဖြစ် မြစ်၊ ချောင်း၊ အင်း၊ ကန်၊ ဆည် ရေပြင်ဧရိယာ ဟက်တာ ၈.၁ သန်းရှိပါပြီး ငါးပုစွန် သယံဇာတများ ပေါများပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရေထွက်ပစ္စည်းများကို ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ရေချိုငါးဖမ်းလုပ်ငန်း၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းတို့မှ ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရရှိမှုတွင် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဘိုး (Gross Domestic Products GDP) ၏စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိပါသည်။

ပြောင်းလဲလာသောဈေးကွက်လိုအပ်ချက်နှင့်အညီ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ ဗီယက်နမ်၊ သြစတြေးလျ၊ အမေရိကန် စသည့် ရေထွက်ပစ္စည်းတင်သွင်းသော နိုင်ငံများသည် အစားအသောက် မှတစ်ဆင့် ရောဂါများဖြစ်ပွားမှုမရှိစေရေး စားသုံးသူတို့ ဘေးဥပဒ်ကင်းရေး တို့ကိုရည်ရွယ်ပြီး ရေထွက်ပစ္စည်း တင်သွင်းခြင်းအတွက် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်လာခြင်းကြောင့် အဆိုပါနိုင်ငံများသို့ ရေထွက်ပစ္စည်း တင်ပို့လိုသော နိုင်ငံများသည် ချမှတ်ပြဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်လုပ်မှသာလျှင် တင်ပို့ခွင့် ရရှိမည်ဖြစ်ပါသည်။ အလားတူပင် အာဆီယံအဖွဲ့အစည်းမှ ပြဌာန်းထားသော အစားအသောက် ထိန်းချုပ်မှုဆိုင်ရာ စနစ်များ (ASEAN Food Control Systems)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ပြဌာန်းထားသောအပင်၊ တိရစ္ဆာန်၊ သားငါး၊ သက်ရှိသက်မဲ့တို့၏ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သဘောတူညီချက် (Sanitary and Phyto-Sanitary Agreement – SPS) နှင့်အညီ ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ် နိုင်မှသာလျှင် ပြည်ပ ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ပါသည်။

ရေထွက်ပစ္စည်း တင်ပို့သောနိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ထုတ်လုပ်သောရေထွက်ပစ္စည်းများသည် တင်သွင်းနိုင်ငံမှ ပြဌာန်းထားသော စည်းမျဉ်းများ ညွှန်ကြားချက်များနှင့်အညီ ထုတ်လုပ်ကြောင်း၊ အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး စားသုံးသူတို့အတွက် ဘေးဥပဒ်ကင်းကြောင်းကို ထောက်ခံချက်ပေးရပြီး တင်သွင်းနိုင်ငံများကလည်း တင်ပို့နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်အပေါ် မူတည်၍ တင်သွင်း ခွင့်ပြုပါသည်။

ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်သော ငါးပုစွန် ရေထွက်ပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးဥပဒ်ကင်းကြောင်း အာမခံနိုင်ရန် ပြဋ္ဌာန်း ထားသော ညွှန်ကြားချက်များ၊ စည်းမျဉ်းများကို သိရှိလိုက်နာဆောင်ရွက်ရန်လိုပါသည်။ ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သူများ အနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်း လိုအပ်ချက်များ တင်သွင်းနိုင်ငံများက ပြဋ္ဌာန်းထားသော အရည်အသွေးဆိုင်ရာ လိုအပ်ချက်များနှင့်အညီ လိုက်နာထုတ်လုပ်နိုင်မှသာလျှင် ကုန်သွယ်မှုလုပ်ငန်းများတွင် အတားအဆီးဖြစ်စေသော အခွန်အတုပ်မဟုတ်သော နည်းပညာဆိုင်ရာ အဟန့်အတားများကို ကျော်လွှားနိုင်ပြီး နိုင်ငံတကာ ဈေးကွက်သို့ တိုးတက်တင်ပို့နိုင်မည်ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေထွက်ပစ္စည်း ကုန်သွယ်မှုတိုးတက်စေရန် ရေထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများတွင် ဖမ်းဆီး/ မွေးမြူခြင်းမှ စားသုံးသည်အထိ လုပ်ငန်းစဉ်တလျှောက် (Supply Chain) ဖြစ်သော ငါးမွေးကန်၊ ငါးဖမ်းရေယာဉ်၊ ငါးတင်ချဆိပ်ကမ်း၊ ငါးလုပ်ငန်းသုံး ရေခဲစက်၊ ငါးပုစွန် ပြုပြင်စက်ရုံများ၊ အစာစပ် စက်ရုံများတွင် အစားအသောက် ဘေးဥပဒ်ကင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များနှင့်အညီ ကျင့်သုံးနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

ရေထွက်ပစ္စည်းများ ပြည်ပသို့တိုးတက် တင်ပို့နိုင်ရေးအတွက် ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့်အညီ စက်ရုံများက လိုက်နာဆောင်ရွက်အကောင်အထည် ဖော်နိုင်ရန်အတွက် လိုအပ်သော နည်းပညာများကို EU-BMZ တို့၏အထောက်အပံ့ဖြင့် GIZ မှအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Trade Development Program အရ ပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။ Trade Development Program ကို ၂၀၁၅ မှ ၂၀၁၇ အထိ သုံးနှစ်တာကာလအတွင်း ယူရို (၁၀.၅) သန်းနှင့် ညီမျှသော အထောက်အပံ့ဖြင့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ အပင်၊ တိရစ္ဆာန်၊ သားငါး၊ သက်ရှိသက်မဲ့တို့၏ ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ သဘောတူညီချက် (SPS) ပါ ပြဋ္ဌာန်းချက်ဖြစ်သော အစားအသောက် ဘေးဥပဒ် ကင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို အကောင်အထည်ဖော်ရန် လိုအပ်ချက်များကို ဖြည့်ဆည်း ပေးသွားမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မွေးမြူရေးငါးများ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ တင်ပို့ ခွင့်ရရှိရေးအတွက် အမျိုးသားအဆင့် ဓာတုဆေးဝါးဓါတ်ကြွင်း ထိန်းချုပ်မှု အစီအမံ (National Residue Monitoring Plan – NRMP) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါအစီအမံအရ နမူနာကောက်ယူဓာတ်ခွဲ စစ်ဆေးခြင်းကိုဆောင်ရွက်ခဲ့ရာ ၊ ဓာတ်ခွဲစစ်ဆေးမှု ရလဒ်ကောင်းမွန်ခြင်းကြောင့် လုပ်ငန်းရှင်များမှ အဆိုပြုသော မွေးမြူရေး ငါး (၇) မျိုးကို ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့် ရခဲ့ပါသည်။ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ မွေးမြူရေးငါးများ တင်ပို့ခွင့်ရရန်အတွက် ဥရောပသမဂ္ဂမှ အသိအမှတ်ပြုထားသော တင်ပို့ခွင့်ရငါးကန်များ (EU Approved Farms) တွင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Aquaculture Practices – GAqP) ကို ဆောင်ရွက်ရန် လိုအပ်သည်ဖြစ်ရာ Trade Development Program အရ ငါးလုပ်ငန်းဦးစီး

ဌာန၊ မွေးမြူရေးဌာနခွဲရှိ ဝန်ထမ်းများနှင့် ငါးမွေးမြူရေး ကန်များရှိ လုပ်သားများကို လိုအပ်သော သင်တန်းများ ပေးပို့သွားမည် ဖြစ်ပါသည်။

ဥရောပသမဂ္ဂသို့ သဘာဝမှ ဖမ်းဆီးရမိသော ငါး၊ ပုစွန်များ တင်ပို့ရာတွင် ဥပဒေနှင့်မညီသော ၊ ဖမ်းဆီးမှုမှတ်တမ်းများမရှိသော ၊ အာဏာပိုင်အဖွဲ့အစည်းများသို့ သတင်းပေးပို့ခြင်းမရှိသည့် ဖမ်းဆီးမှု (Illegal, Unregulated, Unreported-IUU) မဟုတ်ကြောင်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ဖမ်းဆီးထားခြင်းဖြစ် ကြောင်း အသိအမှတ်ပြုလက်မှတ် (Catch Certificate)ကို ငါးလုပ်ငန်းဦးစီးဌာနမှထုတ် ပေးရသည်ဖြစ်ရာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းကိစ္စနှင့် ပတ်သက်၍ လိုအပ်သော သင်တန်းများနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ ရေထွက်ပစ္စည်း ဘေးဥပဒ်ကင်းရေးဆိုင်ရာ စစ်ဆေးရေးဝန်ထမ်းများ (Seafood Safety Inspector) အတွက် နိုင်ငံတကာနှင့် လိုက်လျောညီထွေသော စစ်ဆေးမှု နည်းစနစ်များဆောင်ရွက်နိုင်ရန် လိုအပ်သောသင်တန်း များကို Trade Development Program အရ ဖွင့်လှစ်ပို့ချပေးမည် ဖြစ်ပါသည်။

ရေထွက်ပစ္စည်းများ ကုန်သွယ်မှုပြုရာတွင် တင်သွင်းနိုင်ငံများ အနေဖြင့် ၎င်းတို့နိုင်ငံရှိ စားသုံးသူများ အစားအသောက်ကြောင့် ဘေးဥပဒ်မဖြစ်စေရေးအတွက် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ရသည်ဖြစ်ရာ ရေထွက်ပစ္စည်းတင်ပို့သော လုပ်ငန်းရှင်များ အနေဖြင့် ပြောင်းလဲလာသော ကုန်သွယ်မှုစနစ်အရ တင်သွင်းနိုင်ငံများ၏ လိုအပ်ချက်များ စံချိန်စံညွှန်းများကို သိရှိလိုက်နာပြီး အမျိုးသားအဆင့်ပို့ကုန် မဟာဗျူဟာဆိုင်ရာ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာ့ရေထွက် ပစ္စည်းများ ပြည်ပသို့ တိုးတက်တင်ပို့နိုင်ရေး အတွက် ငါးလုပ်ငန်းဦးစီး ဌာနနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်း ရေးသားလိုက်ပါသည်။